ပြစ်မှုဆိုင်ရာ (

**တရားရုံးချုပ်**

၂၀၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၂၀၁

၂၀၁၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၅ တွင်ချမှတ်သည့် ၂၀၁၀ပြည့်နှစ်၊ ဩဂုတ် လ ၁၉ ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ အမိန့်ကိုလျှောက်ထားမှု

ဦးဖြိုးဝေအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

လျှောက်ထားသူ လျှောက်ထားခံရသူ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းပေးရန်လျှောက်ထားမှု

| | |
|---|---|
| လျှောက်ထားသူအတွက် | - ဦးကျော်ဟိုး ၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - ဒေါ်မိုမိုအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

**စီရင်ချက်**

နေ့စွဲ၊ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

**မိတ္တူမှန်**

**အခွင့်ရ အရာရှိ**
**မိတ္တူကူးဌာန**
**တရားရုံးချုပ်**
**ရန်ကုန်မြို့**
**စစ်ဆေးပြီး**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၂/၁၀၊ ၁၀၃/၁၀၊ ၁၀၄/၁၀ နှင့် ၁၀၅/၁၀ အမှုများမှ တရားခံဖြစ်သူဖြိုးဝေအောင်(ခ)ပိုဟာမက်ယာဗန်(ခ)သက်ခိုင်က ၎င်းအပေါ်စွဲဆိုထားသည့်အဆိုပါအမှုများကို လက်ရှိစစ်ဆေးနေသည့် ခရိုင်တရားသူကြီးမှအပ ခရိုင်တရားရုံးရှိ အခြားတရားသူကြီးတစ်ဦးဦးက စစ်ဆေးစေသည့်အမိန့်ချမှတ်ပေးရန် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၅/၁၀တွင် လျှောက်ထားရာတိုင်းဒေသကြီးတရားရုံးက လျှောက်ထားချက်ကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။ အဆိုပါအမိန့်ကို မူလရုံးတရားခံကမကျေနပ်သဖြင့် ဤပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုဖြစ်စဉ်မှာ ၁၅-၄-၂၀၁၀ရက်နေ့ ၁၅း၀၂ နာရီအချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ X₂O ရေကစားမဏ္ဍပ်ရှေ့တွင် ဗုံး၃ လုံးဆက်တိုက်ပေါက်ကွဲကြောင်း သတင်းအရ မင်္ဂလာတောင်ညွန့်ရဲစခန်းမှ စခန်းမှူးရဲအုပ်သောင်းငွေသည် အချင်းဖြစ်သည့်နေရာသို့ သွားရောက်စစ်ဆေးရာ X₂O မဏ္ဍပ်ရှေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် လုပ်သားပြည်သူကျား ၅ဦး၊ မ ၃ဦးသေဆုံးပြီး ကျား ၆၈ဦး၊ မ ၃၁ ဦးပေါင်း ၉၉ဦးဒဏ်ရာရရှိကြောင်း တွေ့ရှိရသဖြင့် လူအများသေကြေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဗုံးပေါက်ကွဲမှုပြုလုပ်သူအား အရေးယူပေးရန် ရဲအုပ်သောင်းငွေက တိုင်တန်းသည့်အမှုဖြစ်သည်။

မင်္ဂလာတောင်ညွန့်ရဲစခန်းက အမှုကိုစုံစမ်းစစ်ဆေးပြီးနောက် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၂/၁၀ တွင် တရားခံဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂၊ ၃၂၆/၁၁၄ ဖြင့်လည်းကောင်း၊ ပြစ်မှုကြီးအမှတ် ၁၀၃/၁၀ တွင် တရားခံဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင်အပေါ် ၁၉၀၈ခုနှစ် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ ၃ ဖြင့်လည်းကောင်း တရားစွဲဆိုတင်ပို့ခဲ့သည်။

ယို့နောက်သတင်းတပ်ဖွဲ့မှရဲမှူးအောင်ဆွေက ဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင့်အပေါင်းပါများသည် ၂၀၀၉ခုနှစ်အတွင်း ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့မြဝတီမြို့မှသွားရောက်ကာ မတရားအသင်း/အကြမ်းဖက်အဖွဲ့များဖြစ်သည့် ABSDF. KNU အဖွဲ့အစည်းများနှင့်ဆက်သွယ်ပူးပေါင်း၍ အကြမ်းဖက်လှုပ်ရှားမှုများ စီမံဆောင်ရွက်လျက်ရှိသောစွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်တော်အဖွဲ့ ( VBSW) မှခေါင်းဆောင် ရဲသီဟ(ခ)စန်းနိုင်ပါဝင်သည့်အဖွဲ့နှင့်တွေ့ဆုံပြီးနောက် ဖေါက်ခွဲရေးသင်တန်းနှင့်လက်နက်ငယ်သင်တန်းတက်ရောက်ခြင်း၊ ရန်ကုန်မြို့တွင်း၌ ဖေါက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် တိုင်ပင်ဆွေးနွေးခြင်း၊ ငွေကြေးထောက်ပံ့မှုများရယူကာ ပြည်တွင်း၌ အခြေပြုနေထိုင်ဖေါက်ခွဲရန် အိမ်ငှားရမ်းခြင်း၊ ၁၅-၄-၁၀ရက်နေ့တွင် X₂Oသင်္ကြန်မဏ္ဍပ်ရှေ့၌ ဗုံးဖေါက်ခွဲခြင်းစသည်ဖြင့် ပါဝင်လှုပ်ရှားခဲ့ကြောင်းစုံစမ်းသိရှိသဖြင့် မတရားအသင်း/အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ( VBSW) အဖွဲ့နှင့်ဆက်သွယ်ပါဝင်လှုပ်ရှားခဲ့ကြသော ဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင်နှင့်အပေါင်းပါများအား ၁၉၀၈ခုနှစ် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)အရ အရေးယူပေးရန် မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် သတင်းပေးတိုင်တန်းခဲ့သည်။မင်္ဂလာတောင်ညွန့်ရဲစခန်းကအမှုကိုစုံစမ်းစစ်ဆေးပြီးနောက်ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၄/၁၀ တွင် တရားခံဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင်အပေါ် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။

ရဲမှူးအောင်ဆွေကပင်ဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ)သက်ခိုင် နှင့် အပေါင်းပါများသည် ၂၀၀၉ခုနှစ်အတွင်း ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ မြဝတီမြို့မှတစ်ဆင့် တရားမဝင်သွားရောက်ကာ မတရားအသင်း/အကြမ်းဖက် အဖွဲ့များဖြစ်သည့် ABSDF. KNU အဖွဲ့အစည်းများနှင့်ဆက်သွယ်ပူးပေါင်း၍အကြမ်းဖက်လှုပ်ရှားမှုများ စီမံဆောင်ရွက်လျက်ရှိသောစွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့( VBSW) ခေါင်းဆောင်ရဲသီဟ(ခ)စန်းနိုင်နှင့်တွေ့ဆုံပြီးနောက် ရန်ကုန်မြို့တွင်း၌ ဖေါက်ခွဲဖျက်ဆီးရေးပြုလုပ်ရန်အစီအစဉ်ဖြင့် မျိုးအေး(ခ)ပျိုး(ခ)ဗိုးဗိုး၊ သူရဇော်(ခ)သီဟဇော်(ခ)ကိုဇော်(ခ)ဗိုလ်သူ(ခ)သိန်းထိုက်၊ အောင်ကြီး(ခ)အုန်းကျော်ဌေး(ခ)အောင်ဌေးမွန် တို့နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ သွားရောက်ခဲ့ပြီး တရားမဝင်ပြန်လည်ဝင်ရောက်လာခဲ့ကြသော ဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန်(ခ) သက်ခိုင်နှင့် အပေါင်းပါများအား ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်

မိတ္တူမှန်

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်မြို့
စစ်ဆေးပြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်(ရန်ကုန်)

ပြစ်မှုဆိုင်ရာ

# တရားရုံးချုပ်

၂၀၁၀ ပြည့်နှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၅ (ခ)

၂၀၁၀ ပြည့်နှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၀၇ တွင်ချမှတ်သည့် ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက် နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ အမိန့်ကိုလျှောက်ထားမှု

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်(ရန်ကုန်)

| | | |
|---|---|---|
| ဦးဖြိုးဝေအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် |
| လျှောက်ထားသူ | | လျှောက်ထားခံရသူ |

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂၊ ၃၂၆ / ၁၁၄ အရ စွဲဆိုမှု

လျှောက်ထားသူအတွက် - ဦးကျော်ဟိုး ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဒေါ်မိုမိုအောင် ၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

## စီရင်ချက်

နေ့စွဲ၊ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်

မိတ္တူမှန်
အခွင့်ရ အရာရှိ
မိတ္တူကူးသူ
တရားရုံးချုပ်
ရန်ကုန်ရုံး
စစ်ဆေးပြီး

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ပြစ်မှုကြီးအမှတ် ၁၀၂/၁၀ တွင်တရားခံဖြိုးဝေအောင်(ခ)မိုဟာမက်ယူဘန်(ခ)သက်ခိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂၊ ၃၂၆/၁၁၄ အရ စွဲဆိုရာ တရားခံ၏ရှေ့နေက တရားခွင်သို့မိသားစုဝင် ၃ ဦးဝင်ရောက်နားထောင်နိုင်ရန်အတွက်အင်းစိန်ထောင်မှ တာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်ပေးရန် ၂၉-၇-၁၀ နေ့တွင် လျှောက်ထားသည်။ ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရအင်းစိန်အကျဉ်းထောင်တွင် သီးသန့်ရုံးထိုင်စစ်ဆေးခြင်းဖြစ်ပြီး တရားရုံးအတွင်း တစ်စုံတစ်ဦးအားဝင်ထွက်သွားလာခွင့်ပြုသင့်မပြုသင့်ကိစ္စရပ်မှာ တရားရုံးနှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။အဆိုပါအမိန့်ကို တရားခံကမကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်

၇၀၇/၁၀ တင်သွင်းသော်လည်း အောင်မြင်မှုမရရှိသဖြင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကိုတင်သွင်းလာခြင်းဖြစ်သည်။

အမှုဖြစ်စဉ်မှာ ၁၅-၄-၂၀၁၀ ရက်နေ့ ၁၅း၀၂ နာရီအချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ $X_2O$ ရေကစားမဏ္ဍပ်ရှေ့တွင် ဗုံး ၃ လုံးအက်ကိုက်ပေါက်ကွဲကြောင်း သတင်းအရ မင်္ဂလာတောင်ညွန့်ရဲစခန်းမှ စခန်းမှူးရဲအုပ်သောင်းဌေးသည် အချင်းဖြစ်သည့်နေရာသို့ သွားရောက်စစ်ဆေးရာ $X_2O$ မဏ္ဍပ်ရှေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် လုပ်သားပြည်သူကျား ၅ ဦး၊မ ၃ ဦး သေဆုံးပြီး ကျား ၆၈ ဦး၊ မ ၃၁ ဦး ပေါင်း ၉၉ ဦး ဒဏ်ရာရရှိကြောင်း တွေ့ရှိရသဖြင့် လူအများသေကြေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဗုံးပေါက်ကွဲမှုပြုလုပ်သူအား အရေးယူပေးရန် ရဲအုပ်သောင်းဌေးက တိုင်တန်းသည့်အမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက အများပြည်သူရှေ့မှောက် တရားစီရင်ခြင်းတွင် တရားခွင်သို့ ဝင်ရောက်နားထောင်လိုသူက ဝင်ရောက်နားထောင်ခွင့်ရှိကြောင်း၊ အမှုသည်၏မိသားစုဝင်များဝင်ရောက်နားထောင်ခွင့်ရရှိရေးသည်တရားစီရင်ရေးဆိုင်ရာမူအရ အရေးကြီးသောကိစ္စဖြစ်ကြောင်း၊ တရားစီရင်ရေးမူအရမိသားစုဝင်များဝင်ရောက်နားထောင်ခွင့်ရရှိရေးအတွက်တရားရုံးတွင်တာဝန်ရှိကြောင်း၊လျှောက်ထားသူ၏ မိသားစုဝင်တို့ တရားခွင်အတွင်းသို့ ဝင်ရောက်နားထောင်ခွင့်မရခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ ပါ ပြဋ္ဌာန်းချက်ကို မူလရုံးက လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်ကြောင်း၊ ထောင်တွင်း၌ အမှုကိုကြားနာစစ်ဆေးရန် လိုအပ်သည်ဟုယူဆခဲ့လျှင် အမှုစစ်ဆေးသောတရားသူကြီးက ယင်းကိစ္စ အတွက်လိုအပ်သောအမိန့်တစ်ရပ်ကိုချမှတ်ရန်ဖြစ်ကြောင်း၊ယင်းသို့ချမှတ်ပြီးမှသာလျှင် ရုံးအဆောက်အဦ ၏ ပြင်ပသို့သွားရောက်၍ မှုခင်းကိုကြားနာစစ်ဆေးနိုင်ခွင့်ရှိကြောင်း တရားရုံးများ ညွှန် ကြားလွှာလက်စွဲ (၁၉၄၆-၇၀)စာ-၆၁တွင်ညွှန်ကြားထားသည်ကိုမူလရုံးကလျစ်လျူရှု၍ အမိန့်တစ်စုံတစ်ရာချမှတ်ခြင်းမရှိဘဲ ထောင်တွင်အမှုစစ်ဆေးခြင်းသည် မှားယွင်းချွတ်ချော်ကြောင်း၊ မူလရုံးသည် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ မူလရုံးသည် ဥပဒေပြဋ္ဌာန်း ချက်များ၊ ညွှန်ကြားလွှာများကိုလျစ်လျူရှုပြီး တရားရုံးနှင့်သက်ဆိုင်သောကိစ္စမဟုတ်ဟု အကြောင်းပြ၍ အမိန့်ချမှတ်ခြင်းသည် မှားယွင်းချွတ်ချော်ကြောင်း လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးက တရားရုံးချုပ်(နေပြည်တော်)၏အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၀ ဖြင့်ညွှန်ကြားချက်ကို လိုက်နာရခြင်းကြောင့် သီးသန့်တရားရုံးတွင် တရားခံမိသားစုဝင်ရောက်နားထောင်ခွင့်သည် တရားရုံးနှင့်သက်ဆိုင်သောကိစ္စမဟုတ်ကြောင်း မူလရုံးကဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မူလရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ဥပဒေနှင့်ညီညွတ်ကြောင်း၊ ယခုအမှုမှာသာမန်ရာဇဝတ်မှုမဟုတ်ကြောင်း ထင်ရှားသည့်အမှုဖြစ်၍ ခရိုင်တရားရုံးက ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်ကြောင်း၊ လျှောက်လဲတင်ပြသည်။

မိတ္တူမှန်

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်၌
စစ်ဆေးပြီး

မူလရုံးအမှုတွဲကိုစိစစ်ကြည့်ရှုသည့်အခါ တရားခံ၏ရှေ့နေက တရားခံ၏မိသားစုဝင် ၃ဦး အားတရားခွင်သို့ ဝင်ရောက်နားထောင်ခွင့်ပြုရန် ၁၄-၇-၁၀နေ့တွင် လျှောက်ထားခဲ့ရာ ခရိုင်တရားရုံးက ယခုတရားရုံးမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရအင်းစိန်အကျဉ်းထောင်တွင် သီးသန့်ရုံးထိုင်စစ်ဆေးသောရုံးဖြစ်ကြောင်း၊တရားရုံးအတွင်းမည်သူတစ်စုံတစ်ဦးအားဝင်ထွက်သွားလာခွင့်ပြုသင့်မပြုသင့် ကိစ္စမှာ တရားရုံးနှင့်သက်ဆိုင်ခြင်းမရှိကြောင်း ၂၂-၇-၁၀ နေ့တွင်အမိန့်ချမှတ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်
၂ကျပ်
K2

တရားခံ၏ရှေ့နေက တရားခွင်သို့မိသားစုဝင်ရောက်နိုင်ရန်အတွက် အင်းစိန်အကျဉ်းထောင်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ၂၉-၇-၁၀နေ့တွင်ထပ်မံလျှောက်ထားရာတွင်လည်း ခရိုင်တရားရုံးက တရားရုံးအတွင်းတစ်စုံတစ်ဦးအားဝင်ထွက်သွားလာခွင့်ပြုသင့်မပြုသင့်ကိစ္စရပ်မှာတရားရုံးနှင့်သက်ဆိုင်ခြင်းမရှိ၍ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အချင်းဖြစ်ပွားသည့် ၁၅-၄-၁၀ နေ့သည်မြန်မာလူမျိုးတို့၏နှစ်သစ်ကူးအခါသမယဖြစ်ပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲဆင်နွှဲကြသည့်သင်္ကြန်အကြတ်နေ့ဖြစ်သည်။ အချင်းဖြစ်ပွားသည့်နေရာသည် မြန်မာ့ရိုးရာရေသဘင်ပွဲဆင်နွှဲနေသည့် လူအများစည်ကားရာ $X_2O$ ရေကစားမဏ္ဍပ်ရှေ့တွင်ဖြစ်သည်။ အများပြည်သူများပျော်ရွှင်စွာရေကစားနေကြသည့်အချိန်တွင် ဗုံး ၃ လုံးဆက်တိုက်ပေါက်ကွဲသဖြင့်လုံခြုံရေးတာဝန်ကျတပ်ဖွဲ့ဝင်များနှင့် လုပ်သားပြည်သူ ၈ဦးသေဆုံးပြီး ၉၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။မဏ္ဍပ်ရှေ့တွင် မပေါက်ကွဲသေးသည့်ပြင်းအားများသည့် ယမ်းထည့်ထားသောမြန်မာဘီယာသံဗူးနှင့်ရေစိမ်ခံဖုံးအိတ်အတွင်းနိုကီယာအမျိုးအစားတယ်လီဖုံး ၁လုံး အားဝါယာကြိုးဖြင့် ဆက်သွယ်ထားသည့်လက်လုပ်[illegible]ထိန်းစနစ်သုံးဗုံး ၀ခု ကိုလည်းရှာဖွေတွေ့ရှိခဲ့သည်။ အမှုဖြစ်စဉ်ကိုထောက်ရှုပါက ပြစ်မှုကျူးလွန်သူသည်နိုင်ငံတော်၏အေးချမ်းသာယာရေးနှင့်လုံခြုံရေးကိုထိပါးစေရန်ကြံရွယ်ချက်ဖြင့် စံနစ်တကျအကွက်ချ[illegible]ပြင်ဆင်ပြီးမှ ကျူးလွန်ခြင်းဖြစ်သည်မှာပေါ်လွင်ထင်ရှားသည်။

အထက်ဖော်ပြပါထူးခြားသည့်အခြေအနေတွင် နိုင်ငံတော်တရားရုံးချုပ်က တရားစီရင်[illegible]ဆင်ပြေချောမွေ့စေရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရအခွင့်အာဏာကို ကျင့်သုံးပြီး ပြစ်မှုကြီးအမှတ် ၁၀၂/၁၀အပါအဝင်ကျန်ပြစ်မှုကြီးအမှတ် ၁၀၃/၁၀၊ ၁၀၄/၁၀နှင့် ၁၀၅/၁၀ အမှုများကိုအင်းစိန်အကျဉ်းထောင်အနီးရှိသီးသန့်တရားရုံးတွင် ရုံးထိုင်စစ်ဆေးရန်အမိန့်အမှတ် ၃၄/၁၀ ထုတ်ပြန်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားသူကြီးအား အဆိုပါအမှုများကို စစ်ဆေးစီရင်ရန် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်၏အမိန့်အမှတ် ၃၄/၁၀ အရရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသည် အင်းစိန်အကျဉ်းထောင်အနီးရှိသီးသန့်တရားရုံးတွင် ရုံးထိုင်စစ်ဆေးခြင်းဖြစ်၍ တရားစီရင်ရေးဥပဒေပုဒ်မ ၂(င) နှင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ နှင့်လည်းကောင်း၊ တရားရုံးများညွှန်ကြားလွှာအမှတ် ၇/၅၆ နှင့်လည်းကောင်း ညီညွတ်ခြင်းမရှိဟုမည်သို့မျှပြောဆိုရန်အကြောင်းမရှိပေ။ ခရိုင်တရားရုံးအနေဖြင့် တရားခွင်အတွင်းမဝင်ရောက်ရဟုမည်သူ့ကိုမျှ တားမြစ်ပိတ်ပင်ထားခြင်းမရှိသလို အကျဉ်းထောင်အာဏာပိုင်များက ၎င်းတို့၏ဥပစာအဝန်းအဝိုင်းအတွင်း လုံခြုံရေးနှင့်စည်းကမ်းသေဝပ်ရေးအတွက် စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်သည့်ကိစ္စများကိုလည်းဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ တရားခံ၏မိသားစု ၃ ဦး အား တရားခွင်သို့ဝင်ရောက်ခွင့်ရရန်အကျဉ်းထောင်အာဏာပိုင်များနှင့်ညှိနှိုင်းဆောင်ရွက်ပေးရန်လည်းခရိုင်တရားရုံးတွင်တာဝန်ရှိမည်မဟုတ်ပေ။ဤအခြေအနေတွင် ခရိုင်တရားရုံးက တရားခံ၏မိသားစုဝင် ၃ဦးအား တရားခွင်အတွင်းဝင်ရောက်ခွင့်ပြုရန် ကိစ္စမှာတရားရုံး

မိတ္တူမှန်

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်မြို့
စစ်ဆေးပြီး

နှင့်သက်ဆိုင်ခြင်းမရှိကြောင်းအမိန့်ချမှတ်ခဲ့ခြင်းသည် လည်းကောင်း၊အဆိုပါအမိန့်အပေါ် တင်သွင်းလာသည့် လျှောက်ထားသူ၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ရန်ကုန်တိုင်းဒေသကြီးတရားရုံးက အကျဉ်းနည်းဖြင့်ပလပ်ခဲ့ခြင်းသည်လည်းကောင်း မှားယွင်းချွတ်ချော်ခြင်းမရှိ၍ ဤရုံးကဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

သို့ဖြစ်၍ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ပလပ် သည်။]

( မြင့်သိန်း )

တရားသူကြီး

**မိတ္တူမှန်**

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်မြို့
စစ်ဆေးပြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅ကျပ် K5

**တရားရုံးချုပ်**

၂၀၁၀ ပြည့်နှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၇(ခ)

၂၀၁၀ပြည့်နှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၂၅တွင်ချမှတ်သည့် ၂၀၁၀ပြည့်နှစ်၊စက်တင်ဘာလ ၈ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ အမိန့်ကိုလျှောက်ထားမှု

ဦးဖြိုးဝေအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

လျှောက်ထားသူ လျှောက်ထားခံရသူ

၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ ၃ အရ စွဲဆိုမှု

လျှောက်ထားသူအတွက် - ဦးကျော်ဟိုး ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဒေါ်မိုမိုအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်(ရန်ကုန်)

**စီရင်ချက်**

နေ့စွဲ၊ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက်

**မိတ္တူမှန်**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၁၀၃/၁၀ တွင်တရားခံဖြိုးဝေအောင် (ခ)မိုဟာမက်ယှာဇန် (ခ) သက်ခိုင်အပေါ် ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ ၃ အရ စွဲဆိုရာတွင် တရားခံ၏ရှေ့နေက မိတ္တူကူးခွင့်မရသည့် ရဲစွဲချက်နှင့်ပူးတွဲပါရှိသောစာရွက်စာတမ်း ၁၄ မျိုး၊ ၂၃-၄-၁၀ နေ့စွဲပါချုပ်ရီမန်အမိန့်နှင့်တရားရုံးချုပ်၏ အမိန့်အမှတ်၃၄/၁၀ တို့ကိုမိတ္တူကူးယူခွင့်ပြုရန်၁၉-၈-၁၀နေ့တွင် လျှောက်ထားသည်ကို ခရိုင်တရားရုံးက လျှောက်ထားချက်ကို ပယ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားခံကမကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၂၅/၁၀ တင်သွင်းသော်လည်း အောင်မြင်မှုမရရှိသဖြင့် ဤပြစ်မှု ဆိုင်ရာပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

**အခွင့်ရ အရာရှိ**
**မိတ္တူကူးဌာန**
**တရားရုံးချုပ်**
**ရန်ကုန်မြို့**
**စစ်ဆေးပြီး**

သပြေကုန်းရပ်ကွက်ရှိ X၂၀ ရေကစားမဏ္ဍပ်ရှေ့တွင် ဗုံး ၃လုံး ဆက်တိုက်ပေါက်ကွဲကြောင်း သတင်းအရ မင်္ဂလာတောင်ညွန့်ရဲစခန်းမှ စခန်းမှူးရဲအုပ်သောင်းဌွေသည် အချင်းဖြစ်သည့်နေရာသို့ သွားရောက်စစ်ဆေးရာ X၂၀မဏ္ဍပ်ရှေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် လုပ်သားပြည်သူကျား ၅ဦး ၊မ၃ဦး သေဆုံးပြီးကျား ၆၈ ဦး၊ မ ၃၁ ဦးပေါင်း ၉၉ ဦးဒဏ်ရာရရှိကြောင်း တွေ့ရှိရသဖြင့် လူအများ သေကြေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဗုံးပေါက်ကွဲမှုပြုလုပ်သူအား အရေးယူပေးရန် ရဲအုပ်သောင်းဌွေက တိုင်တန်းသည့်အမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက ရဲစွဲချက်နှင့်ပူးတွဲပါ စာရွက်စာတမ်းများသည် သက်သေခံဥပဒေပုဒ်မ ၇၄(၁)(က) အရ အများပြည်သူဆိုင်ရာစာရွက်စာတမ်းများဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာများသည် အမှုတွဲတွင် ရဲစွဲချက်စာချုပ်နှင့် ပူးတွဲတင်သွင်းထားသဖြင့် အဆိုပါကြော်ငြာစာသည် ခါတ်ပုံမိတ္တူဖြစ်စေ၊ မူရင်းဖြစ်စေ၊ မိတ္တူရထိုက်ခွင့်ရှိကြောင်း၊ မှတ်တမ်းဓါတ်ပုံများကို ရဲစွဲချက်စာချုပ် နှင့်ပူးတွဲတင်သွင်းထားသဖြင့် မိတ္တူကူးယူခွင့်ရှိကြောင်း၊ ထောက်(၄)ကြီးပုံစံ နှင့်ပူးတွဲပါ စာရွက်စာတမ်းများသည် ရဲစွဲချက်စာချုပ်နှင့် ပူးတွဲပါ စာရွက်စာတမ်းများဖြစ်သောကြောင့် မိတ္တူရခွင့်ရှိကြောင်း၊ ချုပ်မိန့်ရီမန်ကို မူလရုံးတွင် တရားလိုဘက်က တင်ပြခဲ့ပြီး ဦးဝင်းဆွေ(လိုပြ-၂)က ထွက်ဆိုရာတွင် အဆိုပါချုပ်ရီမန်ကို တင်ပြပြီး ထွက်ဆိုချက်ပေးခဲ့၍ အဆိုပါချုပ်မိန့်ရီမန်သည် အမှုတွဲ၏အစိတ်အပိုင်းမဟုတ်ဟု ကောက်ယူခြင်းမှာ မှားယွင်းချွတ်ချော်ကြောင်း၊ မူလရုံးက တရားရုံးချုပ်၏အမိန့်အမှတ် ၃၄/၂၀၀၀အရ စစ်ဆေးကြားနာခြင်းဖြစ်ကြောင်း နေ့စဉ်မှတ်တမ်းအမိန့်တွင် အမိန့်ချမှတ်ထားပြီးဖြစ်၍ အမှုတွဲ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊မိမိအပေါ် စွဲဆိုသောအမှုတွဲပါတရားလိုဘက်ကတင်ပြထားသောစာရွက်စာတမ်းများ၏မိတ္တူများကိုမရပါက စွပ်စွဲခံရသူသည် ကြိုတင်၍အသေးစိတ်လေ့လာခွင့်မရသဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၂(စ)အရ အခြေခံမှုဖြစ်သည့် ခုခံချေပခွင့်ကို အပြည့်အဝရသည်ဟု မဆိုနိုင်၍ တရားမျှတစွာ စစ်ဆေးစီရင်ခြင်းကို ထိခိုက်စေကြောင်း လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်(ရန်ကုန်)

ရှေ့နေချုပ်ရုံးမှဒုတိယညွှန်ကြားရေးမှူးက မိတ္တူရေးကူးလိုသည့် စာရွက်စာတမ်းများမှာ လုံခြုံမှုအဆင့် " လျှို့ဝှက် "သတ်မှတ်ထားသည့်စာရွက်စာတမ်းနှင့် ပူးတွဲစာရွက်စာတမ်းများဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၃/၈၉ နှင့် ၂/၀၅ မှ၅/၀၅ ထိတို့မှာဓါတ်ပုံမိတ္တူများဖြစ်၍ မိတ္တူကူးနည်းဥပဒေအပိုဒ် ၃၂ အရ မိတ္တူရေးကူးထုတ်ပေးခွင့်မရှိကြောင်း၊ မှတ်တမ်းဓါတ်ပုံများမှာ မိတ္တူကူးနည်းဥပဒေအပိုဒ် ၃(က)အရ မိတ္တူကူးနိုင်သောစာရွက်စာတမ်းများတွင် အကျုံးမဝင်ကြောင်း၊ ထောက်(၄)ကြီးပုံစံနှင့်ပူးတွဲထားသည့် စာရွက်စာတမ်းများမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းက တရားမဝင်ထုတ်ပြန်ထားသောကြေညာချက်သတင်းများဖြစ်၍ မိတ္တူကူးယူခွင့်မရှိကြောင်း၊ တရားရုံးချုပ်၏အမိန့်အမှတ် ၃၄/၂၀၀၀ သည်ဌာနဆိုင်ရာညွှန်ကြားချက်ဖြစ်ပြီး အမှုတွဲ၏အစိတ်အပိုင်းစာရွက်စာတမ်းမဟုတ်၍ မိတ္တူရေးကူးခွင့်မရှိကြောင်း၊ တရားခံချုပ်မိန့်ရီမန်မှာ အမှုတွဲ၏အစိတ်အပိုင်းမဟုတ်၍ မိတ္တူကူးယူခွင့်မရှိကြောင်း၊ လျှောက်ထားသူတင်သွင်းသည့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မိတ္တူ ၁၂ နှ

မူလရုံးအမှုတွဲကိုစိစစ်ကြည့်ရှုသည့်အခါ မူလရုံးတရားခံ၏ရှေ့နေက ရဲစွဲချက်နှင့်ပူးတွဲပါရှိသောစာရွက်စာတမ်းများအနက် စာရွက်စာတမ်း ၁၄ မျိုးနှင့် ၂၃-၄-၁၀နေ့စွဲပါ ချုပ်ရီမန်၊ တရားရုံးချုပ်၏ အမိန့်အမှတ် ၃၄/၁၀ တို့ကိုမိတ္တူကူးခွင့်မရ၍ မိတ္တူကူးခွင့်ပြုရန် ခရိုင်တရားရုံးသို့ လျှောက်ထားခဲ့သည်။ ခရိုင်တရားရုံးကအဆိုပါကိစ္စနှင့်စပ်လျဉ်း၍စိစစ်တင်ပြရန် အခွင့်ရအရာရှိအားညွှန်ကြားချက်အရ အခွင့်ရအရာရှိက စိစစ်တင်ပြခဲ့ကြောင်းတွေ့ရှိရသည်။

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်မြို့
စစ်ဆေးပြီး

(၁) ပြည်ထဲရေးဝန်ကြီးဌာန၏ ၃-၁၁-၈၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃/၈၉ ဓါတ်ပုံမိတ္တူ၊ ၂၈-၈-၀၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၀၅မှ ၅/၀၅ အထိ ဓါတ်ပုံမိတ္တူ၊ ၁၂-၄-၀၆ ရက်စွဲပါကြေညာချက်အမှတ် ၁/၀၆ ဓါတ်ပုံမိတ္တူ၊

(၂) ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများ၏မှတ်တမ်းဓါတ်ပုံများ၊ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများ၏မှတ်တမ်းဓါတ်ပုံများ၊ ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍သိမ်းဆည်းထားသောပစ္စည်းများ၏ မှတ်တမ်းဓါတ်ပုံများ၊ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်ရေကစားမဏ္ဍပ်ရှေ့မှမပေါက်ကွဲသေးသောဗုံးနှင့်လက်ပစ်ဗုံးအစိတ်အပိုင်းများအားရှင်းလင်းရှာဖွေတွေ့ရှိမှုမှတ်တမ်းဓါတ်ပုံများ၊

(၃) ၂၄-၆-၁၀ရက်စွဲပါထောက်(၄)ပုံစံနှင့်ပူးတွဲပါစာရွက်စာတမ်းများ၊

(၄) ၂၃-၄-၁၀ရက်စွဲပါတရားခံ၏ချုပ်မိန့်ရှိမန်၊

(၅) တရားရုံးချုပ်၏အမိန့်အမှတ် ၃၄/၁၀ ။

ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာများနှင့်ကြေညာချက်များသည်မူရင်းများ မဟုတ်ဘဲ ဓါတ်ပုံမိတ္တူများဖြစ်ကြသည်။ တရားရုံးချုပ်က ၂၄-၅-၈၉ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၃၂ တွင် မူရင်းမှကူးယူခြင်းမဟုတ်သောမိတ္တူကို ရိုးရိုးမိတ္တူ ဖြစ်သော်လည်းကောင်း၊ တာဝန်ခံမိတ္တူအဖြစ်သော်လည်းကောင်း ထုတ်မပေးရဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အဆိုပါအမိန့်ကြော်ငြာစာနှင့်ကြေညာချက်ဓါတ်ပုံမိတ္တူများကို ခရိုင်တရားရုံးအခွင့်ရအရာရှိက မိတ္တူကူးယူခွင့်မပြုခြင်းသည် မှားယွင်းသည်ဟုမဆိုသာပေ။

အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၂(က)တွင်မိတ္တူကူးခြင်းဆိုသည်မှာ ပြစ်မှုဆိုင်ရာ[illegible]များနှင့်တရားမမှုရှိစာရွက်စာတမ်းများကို တရားရုံးကလက်ဖြင့်ဖြစ်စေ၊ တရားရုံးရှိ စက်ဖြင့်ဖြစ်စေ မိတ္တူကူးခြင်းကိုဆိုသည်ဟုပြဋ္ဌာန်းထားသည်။ ပြစ်မှုကြီးအမှတ် ၁၀၃/၁၀ အမှုတွဲရှိရဲစွဲချက်နှင့်ပူးတွဲထားသည့်မှတ်တမ်းဓါတ်ပုံများသည် အပိုဒ် ၂(က)ပြဋ္ဌာန်းချက်ပါ စာရွက်စာတမ်းတွင်အကျုံး မဝင်သဖြင့် အဆိုပါမှတ်တမ်းဓါတ်ပုံများကိုအခွင့်ရအရာရှိက မိတ္တူရေးကူးခွင့်မပြုခြင်းသည်လည်း မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၂၄-၆-၁၀ ရက်စွဲပါထောက်(၄)ပုံစံနှင့်ပူးတွဲပါစာရွက်စာတမ်းများသည် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ထုတ်ပြန်ထားသည့်ကြေညာချက်နှင့်သတင်းများဖြစ်၍ အခွင့်ရအရာရှိကမိတ္တူရေးကူးခွင့်မပြုခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

**မိတ္တူမှန်**

၂၃-၄-၁၀ရက်စွဲပါတရားခံချုပ်မိန့်ရှိမန်နှင့်တရားရုံးချုပ်၏အမိန့်အမှတ် ၃၄/၁၀တို့သည် ပြစ်မှုကြီးအမှတ် ၁၀၃/၁၀ အမှုတွဲတွင်တွဲထားခြင်းမရှိသည့်အတွက် အမှုတွဲ၏အစိတ်အပိုင်းများမဟုတ်ကြသဖြင့် အဆိုပါစာရွက်စာတမ်းများသည်လည်းမိတ္တူရေးကူးခွင့်မရှိသည့်စာရွက်စာတမ်းများဖြစ်သည်။

**အခွင့်ရ အရာရှိ**
**မိတ္တူကူးဌာန**
**တရားရုံးချုပ်**
**ရန်ကုန်မြို့**
**စစ်ဆေးပြီး**

အထက်ပါအကြောင်းများကြောင့် မူလရုံးတရားခံရှေ့နေက မိတ္တူကူးခွင့်ပြုရန် လျှောက်ထားသည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးက မိတ္တူရေးကူးခွင့်မပြုကြောင်း၊

လျှောက်ထားချက်ကို ပယ်ကြောင်း ချမှတ်သည့်အမိန့်နှင့်အဆိုပါအမိန့်ကို အတည်ပြုသည့် တိုင်းဒေသကြီးတရားရုံးတို့၏အမိန့်အပေါ် ဤရုံးကတစ်စုံတစ်ရာစွက်ဖက်ရန်မရှိပေ။

သို့ဖြစ်၍ [ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ပလပ် သည်။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်(ရန်ကုန်)

( မြင့်သိန်း )
တရားသူကြီး

မိတ္တူမှန်

အခွင့်ရ အရာရှိ
မိတ္တူကူးဌာန
တရားရုံးချုပ်
ရန်ကုန်မြို့
စစ်ဆေးပြီး